**၂၁-၁၁-၂၀၁၇ ရက်နေ့၊ ရန်ကုန်မြို့၊ Rose Garden Hotel တွင် ကျင်းပပြုလုပ်မည့် မသန်စွမ်းသူများ၏ အလုပ်အကိုင်အခွင့်အလမ်းမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲတွင် ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်ထွန်း မှ ပြောကြားမည့် အဖွင့်အမှာစကား**

ဒီနေ့ကျင်းပတဲ့ မသန်စွမ်းသူများ၏ အလုပ်အကိုင်အခွင့်အလမ်းမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲကို ကြွရောက်လာကြတဲ့ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ယခုကျင်းပတဲ့ အလုပ်ရုံဆွေးနွေးပွဲမှာ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကိုယ်စားပြုအနေဖြင့် ~~အဖွင့်အမှာစကား~~ပြောကြားခွင့်ရတဲ့အတွက် အထူးပင် ဂုဏ်ယူဝမ်းမြောက်မိပါတယ်။

မြန်မာနိုင်ငံတွင် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေကို ၂၀၁၅ ခုနှစ်၊ ဇွန်လ (၅)ရက်နေ့၌ သတ်မှတ်ပြဋ္ဌာန်းပေးနိုင်ခဲ့ပြီ ဖြစ်ပါတယ်။ ယင်း မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေတွင် မသန်စွမ်းသူများ အလုပ်အကိုင်ရရှိရေးသည်လည်း အဓိက ဆွေးနွေးရမဲ့ အချက်တစ်ခုအနေဖြင့် ရှိနေပါတယ်။

ယခုအခါမြန်မာနိုင်ငံတွင် အစိုးရအဖွဲ့အစည်းများ၊ အစိုးရအဖွဲ့မဟုတ်သော အဖွဲ့အစည်းများ၊ မသန်စွမ်းသူများအသင်း၊ အချင်းချင်းပူးပေါင်း၍ မသန်စွမ်းသူများ အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေးကို တိုးမြှင့်လုပ်ဆောင်နေပြီ ဖြစ်ပါတယ်။ အစိုးရအဖွဲ့အစည်းအနေဖြင့် မသန်စွမ်းသူများအတွက် အသက်မွေးမှု အထူးသင်တန်းများ ဖွင့်လှစ်သင်ကြားပေးနိုင်လာပြီဖြစ်ပါတယ်။

၂၀၁၇ ရက်နေ့၊ ဇွန်လအတွင်း ကျင်းပပြုလုပ်ခဲ့တဲ့ (၁၀၆)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာညီလာခံတွင် ငြိမ်းချမ်းရေးနှင့် အလိုက်သင့် တွန်းလှန်လွန်မြောက်နိုင်စွမ်းရှိမှုတို့အတွက် အလုပ်အကိုင်နှင့် သင့်လျော်ကောင်းမွန်သော အလုပ်ဆိုင်ရာ တိုက်တွန်းချက်၊ အမှတ် ၂၀၅ (Employment and Decent Work for Peace and Resilience Recommendation 205) ကို အတည်ပြု ချမှတ်နိုင်ခဲ့ပြီ ဖြစ်ပါတယ်။ ထို တိုက်တွန်းချက် အမှတ် ၂၀၅ တွင် မသန်စွမ်းသူများ အပေါ်အထူးအလေးပေး ဆောင်ရွက်သွားရန်လည်း ပါဝင်ပါတယ်။

လုပ်ငန်းရှင်များဘက်မှလည်း မသန်စွမ်းအလုပ်သမားတစ်ဦးကို အလုပ်ခန့် ထားပါက အများနည်းတူ သာတူညီမျှ အခွင့်အရေး ရရှိစေရန် ပြုလုပ် ပေးသွားရမှာ

ဖြစ်ပါတယ်။ မိမိလုပ်ငန်းတွင် မသန်စွမ်းဝန်ထမ်းရှိခဲ့ပါက ၎င်းဝန်ထမ်းဦးရေစာရင်းကိုလည်းကောင်း၊ အလုပ်ခန့်ထားရန်ရှိသော လစ်လပ်သည့် အလုပ်အကိုင်စာရင်းကိုလည်းကောင်း၊ သက်ဆိုင်ရာဦးစီးဌာနနှင့် သက်ဆိုင်ရာမြို့နယ် အလုပ်အကိုင်နှင့် အလုပ်သမား ရှာဖွေရုံးများသို့ အချက်အလက်များ ပေးပို့ပေးသွားရမှာ ဖြစ်ပါတယ်။

မသန်စွမ်းသူများ အလုပ်အကိုင်ရရှိရေးလုပ်ဆောင်ရာတွင် အများနည်းတူ အလုပ်အကိုင် ရရှိရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေး၊ အလုပ်လုပ်နိုင်သော စွမ်းရည်အလိုက် လုပ်ခလစာကို တည်ဆဲဥပဒေနှင့်အညီ အပြည့်အဝရရှိရေး၊ အသက်မွေး ဝမ်းကြောင်း ပညာများ သင်ကြားခွင့်ရရှိရေး၊ အစိုးရအဖွဲ့အစည်းများနှင့် ပုဂ္ဂလိက လုပ်ငန်းများတွင် အလုပ်လုပ်ကိုင်ခွင့်ရရှိရေး တို့အတွက် တိုးမြှင့်လုပ်ဆောင်သွားရန် လိုအပ်နေသေးပါတယ်။

ယခုကျင်းပရတဲ့ အလုပ်ရုံဆွေးနွေးမှာ အဓိကဆွေးနွေးချက်တစ်ခုဖြစ်တဲ့ ဝေပုံကျနှုန်းထားအရေအတွက်စနစ်(quotas system) တစ်ခုအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဘက်လိုက်မှုမရှိစေဘဲ အကျင့်ပျက်ခြစားမှု၊ ငွေကြေးအလွဲသုံးစားလုပ်မှု မရှိစေဘဲ ဥပဒေနှင့်အညီ မှန်ကန်စွာ လုပ်ဆောင်နိုင်ရေး သက်ဆိုင်ရာအဖွဲ့အစည်းများအားလုံး အားထုတ်ကြိုးပမ်းလုပ်ဆောင်ရမှာဖြစ်ပါတယ်။

ဒီအလုပ်ရုံဆွေးနွေးပွဲမှလည်း မသန်စွမ်းသူများ အလုပ်အကိုင်ရရှိရေး အတွက် အကျိုးကျေးဇူးတစ်စုံတစ်ရာဖြစ်ထွန်း ပေးနိုင်လိမ့်မယ်လို့ မျှော်လင့်မိပါတယ်။

ဒါကြောင့် ဆက်လက်၍လည်း အစိုးရအဖွဲ့အစည်းများ၊ အစိုးရအဖွဲ့မဟုတ်သော အဖွဲ့အစည်းများ မသန်စွမ်းသူများ အသင်း၊ အချင်းချင်းပူးပေါင်း၍ မသန်စွမ်းသူများ အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေးကို အရှိန်အဟုန် မပျက် လုပ်ဆောင်ပေးသွားရန် လိုအပ်ပါကြောင်း အကြံပြုတင်ပြရင်း နိဂုံးချုပ်အပ် ပါတယ်။

ဖြစ်ပါတယ်။ မိမိလုပ်ငန်းတွင် မသန်စွမ်းဝန်ထမ်းရှိခဲ့ပါက ၎င်းဝန်ထမ်းဦးရေစာရင်းကိုလည်းကောင်း၊ အလုပ်ခန့်ထားရန်ရှိသော လစ်လပ်သည့် အလုပ်အကိုင်စာရင်းကိုလည်းကောင်း၊ သက်ဆိုင်ရာဦးစီးဌာနနှင့် သက်ဆိုင်ရာမြို့နယ် အလုပ်အကိုင်နှင့်အလုပ်သမား ရှာဖွေရုံးများသို့ အချက်အလက်များ ပေးပို့ပေးသွားရမှာ ဖြစ်ပါတယ်။

မသန်စွမ်းသူများ အလုပ်အကိုင်ရရှိရေးလုပ်ဆောင်ရာတွင် အများနည်းတူအလုပ်အကိုင် ရရှိရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေး၊ အလုပ်လုပ်နိုင်သော စွမ်းရည်အလိုက် လုပ်ခလစာကို တည်ဆဲဥပဒေနှင့်အညီ အပြည့်အဝရရှိရေး၊ အသက်မွေး ဝမ်းကြောင်း ပညာများ သင်ကြားခွင့်ရရှိရေး၊ အစိုးရအဖွဲ့အစည်းများနှင့် ပုဂ္ဂလိက လုပ်ငန်းများတွင် အလုပ်လုပ်ကိုင်ခွင့်ရရှိရေး တို့အတွက် တိုးမြှင့်လုပ်ဆောင်သွားရန် လိုအပ်နေသေးပါတယ်။

ယခုကျင်းပရတဲ့ အလုပ်ရုံဆွေးနွေးမှာ အဓိကဆွေးနွေးချက်တစ်ခုဖြစ်တဲ့ ဝေပုံကျနှုန်းထားအရေအတွက်စနစ်(quotas system) တစ်ခုအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဘက်လိုက်မှုမရှိစေဘဲ အကျင့်ပျက်ခြစားမှု၊ ငွေကြေးအလွဲသုံးစားလုပ်မှု မရှိစေဘဲ ဥပဒေနှင့်အညီ မှန်ကန်စွာ လုပ်ဆောင်နိုင်ရေး သက်ဆိုင်ရာအဖွဲ့အစည်းများအားလုံး အားထုတ်ကြိုးပမ်းလုပ်ဆောင်ရမှာဖြစ်ပါတယ်။

ဒီအလုပ်ရုံဆွေးနွေးပွဲမှလည်း မသန်စွမ်းသူများ အလုပ်အကိုင်ရရှိရေး အတွက်အကျိုးကျေးဇူးတစ်စုံတစ်ရာဖြစ်ထွန်း ပေးနိုင်လိမ့်မယ်လို့ မျှော်လင့်မိပါတယ်။

ဒါကြောင့် ဆက်လက်၍လည်း အစိုးရအဖွဲ့အစည်းများ၊ အစိုးရအဖွဲ့မဟုတ်သောအဖွဲ့အစည်းများ မသန်စွမ်းသူများ အသင်း၊ အချင်းချင်းပူးပေါင်း၍ မသန်စွမ်းသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေးကို အရှိန်အဟုန် မပျက်လုပ်ဆောင်ပေးသွားရန် လိုအပ်ပါကြောင်း အကြံပြုတင်ပြရင်း နိဂုံးချုပ်အပ် ပါတယ်။